AUSTRALIAN
MULTI LINGUAL SERVICES

Australian Multi Lingual Services Pty Ltd
186 Arcoona Road, Yandina Creek, QLD 4561 Telephone: 1300 308983

**Supplier ABN**: 81 110 753 896 **Supplier ACN**: 110 753 896

**AMLS_2013_1077_JB_Burmese**

တောင်ဩစတြေးလျားပြည်နယ်ဆိုင်ရာ မကျေနပ်၍ တိုင်ကြားမှုများကို စုံစမ်းစစ်ဆေးသည့်အရာရှိ (South Australian Ombudsman) သည် အောက်ပါတို့အား လုပ်ပိုင်ခွင့်အာဏာရှိသော လွတ်လပ်မှုရှိသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။

- တောင်ဩစတြေးလျားပြည်နယ် အစိုးရဌာနများ၊ ပြဋ္ဌာန်းဥပဒေအရ ဖွဲ့စည့်ထားသည့် အာဏာပိုင်များနှင့် ဒေသန္တရအစိုးရကောင်စီများတို့နှင့် ပတ်သက်သော သင်၏ တိုင်တန်းမှုများကို စုံစမ်းစစ်ဆေးရန်၊
- *အချက်အလက်များ၏ လွတ်လပ်မှုရှိရေးဆိုင်ရာ အက်ဥပဒေ ၁၉၉၁* (*Freedom of Information Act 1991*) အရ အစိုးရမှ ထိန်းချုပ်ထားသည့် အချက်အလက်များအား ရယူခွင့်နှင့်ပတ်သက်သော ဆုံးဖြတ်ချက်များကို ပြန်လည်သုံးသပ်ရန်၊
- *အကျင့်ပျက်မှုနှင့် မဟုတ်မမှန် လုပ်ကိုင်မှုများကို လူသိရှင်ကြား ဖော်ထုတ်ကြသူများအား ကာကွယ်ပေးရေး အက်ဥပဒေ ၁၉၉၃* (*Whistleblowers Protection Act 1993*) အရ ပြည်နယ်အစိုးရနှင့် ဒေသန္တရအစိုးရတို့၌ဖြစ်ပျက်နေသည့် မသင့်လျော်ပြီး တရားမဝင် လုပ်ရပ်များနှင့်ပတ်သက်ရာ အချက်အလက်များကို လျှို့ဝှက်စွာလက်ခံရရှိရန်တို့ဖြစ်သည်။

တိုင်ကြားမှုများကို စုံစမ်းစစ်ဆေးသည့်အရာရှိ၏ ဝန်ဆောင်မှုမှာ အခမဲ့ဖြစ်သည်။

အကယ်၍သင်သည် သင့်အားကူညီရန်အတွက် စကားပြန်တစ်ဦးကို လိုအပ်ပါက ၁၃၁ ၄၅၀ သို့ ဖုန်းဆက်ပါ။